# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး

## ဒုတိယနေ့ အစီအစဉ်

## [ ၁၃–၁၁–၂၀၁၈ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၃၁–၃–၂၀၁၆ ရက်နေ့ရှိ ခွင့်ပြုပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ၁–၄–၂၀၁၆ မှ ၃၁–၃–၂၀၁၈ ထိ တိုးလာသော ရင်နှီးမြှုပ်နှံမှုများနှင့် လုပ်ငန်းကဏ္ဍအလိုက်ကုမ္ပဏီ၊ လုပ်ငန်းအရေအတွက်၊ ရင်းနှီးပြီးငွေပမာဏ (US- ဒေါ်လာဖြင့်)၊ တည်ဆဲဥပဒေ၊ စာချုပ်စည်းကမ်း မလိုက်နာမှု၊ အခွန်ရှောင်တိမ်းမှုများကြောင့် လုပ်ငန်း ပိတ်သိမ်းအရေးယူခဲ့ရမှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံလာစေရေး အခွင့်အလမ်းဖော်ဆောင်ပေးမည့်အစီအမံများရှိလျှင် ရှင်းလင်းချပြနိုင်ရေး** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

( ခ ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ခေါင်လန်ဖူး–ညီတားဒီလမ်း (၅၅) မိုင်ပေါ်တွင် တည်ရှိသည့် ချီလာဝါဒီနှင့် အဘွန်ထန်ကြားရှိ ပျက်စီးနေသည့် လမ်း၊ တံတားများအား ဖောက်လုပ်ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၏ **ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်မှ ဘဏ္ဍာရေးနှစ် အဆက်ဆက် ကြွေးပေးသွင်းရန် ကျန်ရှိသောငွေ (၂၈၈၀.၅၀၀) သန်းအား ယနေ့အထိ မည်မျှပေးသွင်းပြီးကြောင်းနှင့် မည်သို့အရေးယူ ဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်ရှိ ကမ်းထောင်ကြီး–သရက်တောင် မြို့၊ ရွာချင်းဆက်လမ်းပေါ်ရှိ ပေါက်တူးတောင် ချောင်းကူးတံတားနှင့် ကမ်းထောင်ကြီး– သရက်တောင် မြို့၊ ရွာချင်းဆက် မြေသားလမ်းအား မည်သည့် ဘဏ္ဍာနှစ်တွင် အပြီးဆောင်ရွက်ပေးမည် နှင့် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင် ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

( င ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **ရန်ကုန်မြို့အဝင်လမ်းမကြီး များအား လမ်းအဆင့်မြှင့်တင်ရန်၊ လမ်းမီးများထွန်းရန်၊ မြေယာ ရှုခင်း(Landscape)များ ပြုလုပ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဒေါက်တာဦးစိုးမိုးသူ၊ မြောင်းမြ မဲဆန္ဒနယ်၏ **ပင်လယ်လေး (လပွတ္တာ) ကြိုးတံတားသည် ပညာရှင်များ၏ စစ်ဆေးမှုများအရ**

**မူလခံနိုင်ဝန်အား (၃၆) တန်မှ ၅၀% ကြံ့ခိုင်မှုအဆင့် လျော့ကျနေမှုကြောင့် တန်(၆၀) ခံ လုံခြုံစိတ်ချရသော တံတားအသစ်တစ်စင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်၏ **လှည်းကူးမြို့နယ်တွင် ပုဂ္ဂလိကကုမ္ပဏီတစ်ခုနှင့် အကျိုးတူပူးပေါင်းအကောင် အထည်ဖော်ရန် ဆောင်ရွက်နေသော Eco Green City စီမံကိန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်က ရသင့်ရထိုက်သည့် အကျိုးအမြတ်ခွဲဝေမှုရရှိအောင် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိသော စီမံကိန်းတစ်ရပ်အဖြစ် ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်သွားရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်က **"နိုင်ငံတွင် တစ်နေ့တစ်ခြား လူဦးရေထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန် နေရာအခက်အခဲကိုဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်၍ မြို့ရွာစီမံချက်ကို စနစ်တကျ အမြန်ဆုံးချမှတ်ဆောင်ရွက်ပေးပါရန် အစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။